# ၁၉၅၇ ခုနှစ်၊ ကိုယ်ပိုင်သူနာပြု ဂေဟာများမှတ်ပုံတင် အက်ဥပဒေ။

[၁၉၅၇ ခုနှစ်၊ အက်ဥပဒေ အမှတ် ၅၁။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

အမည်နှင့် စတင် အာဏာတည်သည့်နေ့ရက်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၇ ခုနှစ်၊ ကိုယ်ပိုင်သူနာပြုဂေဟာများမှတ်ပုံတင်အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်၌ သမတက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့် နေ့ရက်များတွင် သတ်မှတ်သည့်အရပ်ဒေသများ၌စတင်အာဏာတည်ရမည်။

အဓိပ္ပါယ်ဖော်ပြချက်။

၂။ ။ဤအက်ဥပဒေတွင်အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏အဓိပ္ပါယ်နှင့်ဖြစ်စေ၊မဆန့်ကျင်လျှင်—

(က) "သူနာပြုဂေဟာ" ဆိုသည်မှာ၊ မကျန်းမာသူများကိုဖြစ်စေ၊ ဒဏ်ရာရသူများကိုဖြစ်စေ၊ မသန်စွမ်းသူများကိုဖြစ်စေ၊ လက်ခံပြုစုကုသရေးအတွက်အသုံးပြုသည့်၊ သို့တည်းမဟုတ် အသုံးပြုရန်ကြံရွယ်သည့်ဥပစာတခုခုကိုသော်၎င်း၊ကိုယ်ဝန်ဆောင်မိန်းမများနှင့် မီးဖွားပြီးစမိန်းမများကို လက်ခံပြုစု ကုသရေးအတွက် အသုံးပြုသည့်၊ သို့တည်းမဟုတ် အသုံးပြုရန်ကြံရွယ်သည့် ဥပစာတခုခုကိုသော်၎င်း ဆိုသိုသည်။

(ခ) "ကိုယ်ပိုင်သူနာပြုဂေဟာ" ဆိုသည့်စကားရပ်တွင်၊ ဒုစိုးရကသော်၎င်း၊ ဒေသန္တရ အာဏာပိုင်ကသော်၎င်း တည်ထောင်ထားရှိသည့်၊ သို့တည်းမဟုတ် ကြီးကြပ်အုပ်ချုပ်သည့် ဆေးရုံ၊ ဆေးပေးရုံနှင့် အခြားအလားတူဥပစာများမပါဝင်ချေ။

(ဂ) "ဝန်ကြီး" ဆိုသည်မှာ၊ကျန်းမာရေးအတွက် တာဝန်ခံဆောင်ရွက်ဆဲဖြစ်သည့်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ အဖွဲ့ဝင်ဝန်ကြီးကိုဆိုလိုသည်။

(ဃ) "မှတ်ပုံတင်အရာရှိ" ဆိုသည်မှာ: ပုဒ်မ ၃ အရခန့်ထားသည့်သူနာပြုဂေဟာမှတ်ပုံတင်အရာရှိကိုဆိုလိုသည်။

(င) "မှတ်ပုံစာရင်း" ဆိုသည်မှာ၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ထားရှိသည့် ကိုယ်ပိုင်သူနာပြု ဂေဟာများ စာရင်းကိုဆိုလိုသည်။

(စ) "တည်ထောင်အုပ်ချုပ်သူ" ဆိုသည်မှာ၊ ကိုယ်ပိုင်သူနာပြုဂေဟာနှင့် သူနာပြုဂေဟာလုပ်ငန်းဆိုင်ရာ ကိစ္စများကို ပင်ရင်းကြီးကြပ်အုပ်ချုပ်သူကိုဆိုလိုသည်။

သို့ရာတွင်အဆိုပါကိစ္စများကို ကြီးကြပ်သူကိုယ်စားလှယ်အား လွှဲအပ်ထားလျှင်၊ အဆိုပါ ကိုယ်စားလှယ်သည်၊ တည်ထောင်အုပ်ချုပ်သူဖြစ်သည်ဟု မှတ်ယူရမည်။

အဘိုး—၁၅ ပြား]

မှတ်ပုံတင်အရာရှိ။

၃။ ။နိုင်ငံတော်သမတ သည်၊ ဤအက်ဥပဒေပါကိစ္စများအလို့ငှါ၊ အရာရှိတဦးဦးကို၊ သူနာပြုဂေဟာမှတ်ပုံတင်အရာရှိ အဖြစ်ဖြင့်ခန့်ထားရမည်။

မှတ်ပုံတင်ရန်လျှောက်ထားခြင်း။

၄။ ။(၁) ကိုယ်ပိုင်သူနာပြုဂေဟာ တည်ထောင်အုပ်ချုပ်သူသည်၊ ဤအက်ဥပဒေစတင်အာဏာတည်သည့်နေ့ရက်မှ ခြောက်လအတွင်း ထိုကိုယ်ပိုင်သူနာပြုဂေဟာကို ဤအက်ဥပဒေအရမှတ်ပုံတင်ရန်ကိစ္စအလို့ငှါ၊ မှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်။

(၂) မည်သူမဆို၊ ဤအက်ဥပဒေအာဏာတည်ဆဲဖြစ်နေသည့် အရပ်ဒေသများတွင်ကိုယ်ပိုင်သူနာပြုဂေဟာတည်ထောင်ဖွင့်လှစ်လိုလျှင်၊ ထိုသို့ဖွင့်လှစ်ခြင်းမပြုမီ၊ အနည်းဆုံးသုံးလကြိုတင်၍၊ ထိုကိုယ်ပိုင်သူနာပြုဂေဟာကို၊ဤအက်ဥပဒေအရမှတ်ပုံတင်ရန်ကိစ္စအလို့ငှါ၊ မှတ်ပုံတင်အရာရှိထံလျှောက်ထားရမည်။

(၃) လျှောက်လွှာ အသီးသီးတွင်၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများဖြင့် ပြဋ္ဌာန်းထားသည့်အကြောင်းအရာများပါရှိရမည်။

(၄) ပုဒ်မခွဲ (၁)၊ သို့တည်းမဟုတ် ပုဒ်မခွဲ (၂) အရမှတ်ပုံတင်ရမည့်ကိုယ်ပိုင်သူနာပြုဂေဟာကိုမှတ်ပုံမတင်ဘဲသော်၎င်း၊ ပုဒ်မ ၇ အရမှတ်ပုံတင်အရာရှိကမှတ်ပုံမတင်နိုင်ဟုငြင်းပယ်ပြီးနောက်သော်၎င်း၊ ပုဒ်မ ၈ အရ မှတ်ပုံတင်အရာရှိက၊ ကိုယ်ပိုင်သူနာပြုဂေဟာကို၊ မှတ်ပုံစာရင်းမှပယ်ဖျက်ပြီးနောက်သော်၎င်း မည်သူမျှ၊ ထိုကိုယ်ပိုင်သူနာပြုဂေဟာကိုတည်ထောင်အုပ်ချုပ်ခြင်းမပြုရ။

ကင်းလွတ်ခွင့်ပေးခြင်း။

၅။ ။နိုင်ငံတော်သမတ သည်၊ မည်သည့်ကိုယ်ပိုင်သူနာပြုဂေဟာကိုမဆို၊ သို့တည်းမဟုတ် မည်သည့်ကိုယ်ပိုင်သူနာပြုဂေဟာ အမျိုးအစားကိုမဆို၊ ဤအက်ဥပဒေပါပြဋ္ဌာန်းချက် အားလုံးနှင့်သော်၎င်း၊ ပြဋ္ဌာန်းချက်တခုခုနှင့်သော်၎င်း သက်ဆိုင်ခြင်းမှကင်းလွတ်ခွင့်ပေးနိုင်သည်။

မှတ်ပုံစာရင်းထားရှိခြင်း။

၆။ ။မှတ်ပုံတင်အရာရှိသည်၊ ဤအက်ဥပဒေအရဖြစ်စေ၊ ဤအက်ဥပဒေအရ ပြုထားသည့် နည်းဥပဒေများအရဖြစ်စေ၊ လိုအပ်သည့်အချက်များနှင့်ပြည့်စုံသော ကိုယ်ပိုင်သူနာပြုဂေဟာကို မှတ်ပုံတင်ရမည့်ပြင်၊ ထိုကိစ္စအလို့ငှါ မှတ်ပုံတင်ထားသော ကိုယ်ပိုင်သူနာပြုဂေဟာ အားလုံးအတွက်မှတ်ပုံစာအုပ်တခုကိုထားရှိရမည်။ ထိုမှတ်ပုံစာရင်းကို၊သင့်လျော်သည့်အချိန်အခါတွင် အများပြည်သူတို့ ကြည့်ရှုစစ်ဆေးလိုပါက ကြည့်ရှုစစ်ဆေးနိုင်ရမည်။

မှတ်ပုံတင်ရန်ငြင်းပယ်ခြင်း။

၇။ ။မှတ်ပုံတင်အရာရှိသည်၊မှတ်ပုံတင်ရန် လျှောက်ထားခြင်းနှင့် သက်ဆိုင်သည့်ကိုယ်ပိုင်သူနာပြုဂေဟာကို၊ အောက်ပါ အကြောင်းအားလုံးကြောင့်ဖြစ်စေ၊ အကြောင်း တခုခုကြောင့်ဖြစ်စေ၊ မှတ်ပုံတင်ရန်မသင့်ဟုယူဆလျှင်၊ဤအက်ဥပဒေအရမှတ်ပုံမတင်နိုင်ဟုငြင်းပယ်နိုင်သည်။

(က) ကိုယ်ပိုင်သူနာပြုဂေဟာ အဆောက်အအုံသည်၊ သို့တည်းမဟုတ် ဥပစာသည်၊ သို့တည်းမဟုတ် ထိုဥပစာ၏ အစိတ်အပိုင်းတခုခုသည်၊ သူနာပြု ဂေဟာအတွက် မသင့်လျော်ခြင်း။

(ခ) သူနာတို့၏ဦးရေကိုင်း၊ ကျန်းမာရေးကိုင်း ထောက်ထား၍၊ ကိုယ်ပိုင် သူနာပြုဂေဟာ အဆောက်အအုံ၊ သို့တည်းမဟုတ် ဥပစာတွင် စီမံထားရှိသည့် နေရာထိုင်ခင်း မလုံလောက်ခြင်း၊ သို့တည်းမဟုတ် မသင့်လျော်ခြင်း။

(ဂ) တည်ထောင်အုပ်ချုပ်သူသည်၊ ကိုယ်ပိုင်သူနာပြုဂေဟာ တည်ထောင်အုပ်ချုပ်ရန် မသင့်လျော်သူဖြစ်ခြင်း၊ သို့တည်းမဟုတ် ထိုကိုယ်ပိုင်သူနာပြုဂေဟာနှင့်စပ်လျဉ်းသည့်ကိစ္စများကိုဆောင်ရွက်နေသူတဦးဦးသည် အရည်အချင်းမပြည့်စုံခြင်း၊ သို့တည်းမဟုတ် တာဝန်ခံအဖြစ် ဆောင်ရွက်ရန် မသင့်သူဖြစ်ခြင်း။

(ဃ) မှတ်ပုံတင်အရာရှိအား၊ သို့တည်းမဟုတ် မှတ်ပုံတင်အရာရှိက အာဏာလွှဲအပ်ထားသော အရာရှိအား၊ ပုဒ်မ ၁၀ တွင် ဖော်ပြထားသော တာဝန် ဝတ်တရား ဆောင်ရွက်ရာ၌၊ တမင်ဟန့်တားခြင်း။

မှတ်ပုံစာရင်းမှ ပယ်ဖျက်ခြင်း။

၈။ ။မှတ်ပုံတင် အရာရှိသည်၊ အောက်ပါအကြောင်း အားလုံးကြောင့်ဖြစ်စေ၊ အကြောင်းတခုခုကြောင့်ဖြစ်စေ မည်သည့် ကိုယ်ပိုင်သူနာပြုဂေဟာကိုမဆို၊ မှတ်ပုံစာရင်းမှပယ်ဖျက်နိုင်သည်။

(က) ပုဒ်မ ၇ တွင်ဖော်ပြထားသည့် အကြောင်းတခုခုအရ၊ ကိုယ်ပိုင်သူနာပြုဂေဟာ တည်ထောင်အုပ်ချုပ်သူသည်၊ အရည်အချင်းပျက်ယွင်းလာခြင်း၊ သို့တည်းမဟုတ် ကိုယ်ပိုင်သူနာပြုဂေဟာ၏ဥပစာသည်၊ မလုံလောက်မသင့်လျော်ဖြစ်လာခြင်း။

(ခ) ကိုယ်ပိုင်သူနာပြုဂေဟာ တည်ထောင်အုပ်ချုပ်သူသည်၊ သူနာများ၏အကျိုးကို ဆုတ်ယုတ်အောင်ပြုခြင်း။

(ဂ) ပတ်ဝန်းကျင် အခြေအနေနှင့် ပြုစုရေး အခြေအနေများသည်၊ သူနာများ၏ကျန်းမာရေးကို ထိခိုက်နေခြင်း။

(ဃ) မှတ်ပုံတင်အရာရှိအား၊ သို့တည်းမဟုတ် မှတ်ပုံတင် အရာရှိက အာဏာလွှဲအပ်ထားသောအရာရှိအား၊ ပုဒ်မ ၁၀ တွင်ဖော်ပြထားသော တာဝန်ဝတ်တရားများဆောင်ရွက်ရာ၌ တမင်ဟန့်တားခြင်း။

သို့ရာတွင် ထိုသို့မှတ်ပုံစာရင်းမှ ပယ်ဖျက်ခြင်းမပြုမီ၊ ကိုယ်ပိုင်သူနာပြုဂေဟာ တည်ထောင်အုပ်ချုပ်သူအား၊ မည်သည့်အကြောင်းကြောင့်၊ ထိုကိုယ်ပိုင်သူနာပြုဂေဟာ မှတ်ပုံတင်ထားခြင်းကို မပယ်ဖျက်သင့်ကြောင်း ထုချေရန် အခွင့်အရေးမပေးဘဲ၊ ထိုကိုယ်ပိုင်သူနာပြုဂေဟာကို၊ မှတ်ပုံစာရင်းမှ မပယ်ဖျက်ခြင်းမပြုရ။

မှတ်ပုံတင်အရာရှိ၏ဆုံးဖြတ်ချက်ကိုအယူခံဝင်ခြင်း။

၉။ ။ပုဒ်မ ၇ အရ၊ သို့တည်းမဟုတ် ပုဒ်မ ၈ အရ၊ မှတ်ပုံတင်အရာရှိက ချမှတ်သည့်အမိန့်ကို၊ ဝန်ကြီးထံအယူခံဝင်နိုင်သည်။ သို့ရာတွင် အယူခံလွှာကို၊ ထိုသို့ အမိန့်ချမှတ်သည့် နေ့ရက်မှ ခြောက်လအတွင်း တင်သွင်းရမည်။

စစ်ဆေးကြည့်ရှုပိုင်ခွင့် အာဏာ။

၁၀။ ။မှတ်ပုံတင်အရာရှိသည်၊ သို့တည်းမဟုတ် ပုဂ္ဂိုလ်အနေဖြင့်ဖြစ်စေ၊ ရာထူးအလျောက်ဖြစ်စေ၊ မှတ်ပုံတင်အရာရှိက အာဏာလွှဲအပ်ထားသော အရာရှိသည်၊ မည်သည့်ကိုယ်ပိုင် သူနာပြုဂေဟာကိုမဆို၊ စစ်ဆေးခြင်း၊ သွားရောက်ကြည့်ရှုခြင်း၊ ထိုကိုယ်ပိုင် သူနာပြုဂေဟာနှင့် သက်ဆိုင်သည့် အကြောင်းအရာကို၊ သို့တည်းမဟုတ် သူနာနှင့်ဆိုင်သည့် ဆေးမှတ်တမ်း စာရွက်စာတမ်းများမှအပ၊ အခြားစာရွက်စာတမ်းများကို တောင်းယူကြည့်ရှုခြင်းပြုနိုင်သည့်ပြင်၊ ထိုသို့ပြုရန်မည်သည့် ကိုယ်ပိုင်သူနာပြုဂေဟာကိုမဆို၊ ဝင်ရောက်နိုင်သည်။

ပြစ်ဒဏ်များ။

၁၁။ ။မည်သူမဆို၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်တခုခုကို သော်၎င်း၊ ဤအက်ဥပဒေအရ ပြုသည့်နည်းဥပဒေပါပြဋ္ဌာန်းချက်တခုခုကို သော်၎င်း၊ ဤအက်ဥပဒေအရ၊ သို့တည်းမဟုတ် ထိုနည်းဥပဒေများအရ ချမှတ်သည့်အမိန့်ကို သော်၎င်း ဆန့်ကျင်လျှင်၊ ထိုသူသည်—

(က) ပဌမပြစ်မှုအတွက်၊ ကျပ်ငါးရာထက်မပိုသော ငွေဒဏ်စီရင်ခြင်း ခံရမည်။

(ခ) ဒုတိယအကြိမ်၊ သို့တည်းမဟုတ် နောက်ထပ်ကျူးလွန်သည့်ပြစ်မှုအတွက်၊ခြောက်လထက်မပိုသော အလုပ်ကြမ်းနှင့် ထောင်ဒဏ်အပြင်၊ ကျပ်တထောင်ထက်မပိုသော ငွေဒဏ်လည်း စီရင်ခြင်း ခံရမည်။

၁၂။ ။မည်သူမဆို၊ မှတ်ပုံတင် အရာရှိအား၊ သို့တည်းမဟုတ် မှတ်ပုံတင်အရာရှိက အာဏာလွှဲအပ်ထားသော အရာရှိအား၊ ပုဒ်မ ၁၀.တွင် ဖေါ်ပြထားသည့် တာဝန်ဝတ်တရားဆောင်ရွက်ရာ၌ တမင်ဟန့်တားလျှင်၊ ထိုသူသည်၊ ကျပ်တထောင်ထက်မပိုသောငွေဒဏ်စီရင်ခြင်းခံရမည်။ ဒုတိယအကြိမ်၊ သို့တည်းမဟုတ် နောက်ထပ်ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင်၊ ခြောက်လထက် မပိုသော အလုပ်ကြမ်းနှင့် ထောင်ဒဏ်အပြင်၊ ကျပ်တထောင်ထက်မပိုသော ငွေဒဏ်လည်းစီရင်ခြင်းခံရမည်။

ပြစ်မှုအတွက်တရားစွဲဆိုခြင်း။

၁၃။ ။ဤအက်ဥပဒေအရ ဖြစ်သည့်ပြစ်မှုအတွက်ဝန်ကြီး၏ တိုင်ကြားချက်မရှိဘဲ၊ သို့တည်းမဟုတ် ဝန်ကြီး၏ အခွင့်အမိန့်ကို မရဘဲ တရားမစွဲဆိုရ။

အစုစပ် လုပ်ငန်း၊ သို့တည်း မဟုတ် ကုမ္ပဏီ ကို တရားစွဲဆိုခြင်း။

၁၄။ ။(၁) တည်ထောင် အုပ်ချုပ်သူသည်၊ အစုစပ်လုပ်ငန်း၊ သို့တည်းမဟုတ် သီးခြားပုဂ္ဂိုလ်များပါဝင်သည့် အဖွဲ့ဖြစ်လျှင်၊ ထိုအစုစပ်လုပ်ငန်းတွင် အစုစပ်ပါဝင်သူများ၊ သို့တည်းမဟုတ် ထိုအဖွဲ့တွင်ပါဝင်သူများအနက်၊ မည်သူကိုမဆို၊ တည်ထောင်အုပ်ချုပ်သူအား ပြစ်ဒဏ်ပေးနိုင်သည့် ပြစ်မှုတခုခုအတွက်၊ ဤအက်ဥပဒေအရ တရားစွဲဆို၍ ပြစ်ဒဏ်စီရင်နိုင်သည်။

သို့ရာတွင် ထိုအစုစပ်လုပ်ငန်း၊ သို့တည်းမဟုတ် အဖွဲ့တွင်ပါဝင်သူတို့ အနက်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၌ နေထိုင်သူတဦးတယောက်ကို၊ ဤအက်ဥပဒေပါ ကိစ္စများအလို့ငှါ၊တည်ထောင်အုပ်ချုပ်သူအဖြစ်အမည်တင်သွင်းထားပြီးဖြစ်ကြောင်းဖြင့် ထိုအစုစပ်

၁၅။ ။ဤအက်ဥပဒေအရသော်၎င်း၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများအရသော်၎င်း၊ ရိုးသားစွာသဘောဖြင့် ပြုလုပ်သည့်အတွက်၊ သို့တည်းမဟုတ် ပြုလုပ်ရန်ကြံရွယ်၍ ဆောင်ရွက်သည့်အတွက်၊ မည်သူကိုမျှ၊ တရားမမှုဖြစ်စေ၊ ရာဇဝတ်မှုဖြစ်စေ၊ အခြားတရားမှုခင်းဖြစ်စေ၊ မစွဲဆိုရ။

ကင်းလွတ်ခွင့်။

၁၆။ ။နိုင်ငံတော်သမတ သည်၊ ဤအက်ဥပဒေပါကိစ္စများကို ဆောင်ရွက်ရန် ပေလိုပ်၊ အမိန့်ကြော်ငြာစာဖြင့်၊ ဤအက်ဥပဒေနှင့် သဘောကိုက်ညီသော နည်းဥပဒေများကိုပြုနိုင်သည်။ အဆိုပါနည်းဥပဒေများမှာ၊ တရားဥပဒေကဲ့သို့ အာဏာရှိရမည်။

နိုင်ငံတော် သမတ ၏နည်းဥပဒေပြုအာဏာ။

ပါမါဗါစ၊ အမှတ် ၄၅၊ တရားရေးဝန်ကြီးဌာန၊ ၂၆-၂-၅၀—၂,၂၀၀—၂။